**မြန်မာနိုင်ငံအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ပင်ခြင်းအတွက် ပူးတွဲတောင်းဆိုချက်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ အိတ်ဖွင့်ပေးစာ။**

ဤကြေငြာချက်အောက်တွင် လက်မှတ်ထိုးထားသော အဖွဲ့အစည်းများမှ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ နှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ မြန်မာပြည်သူများမှ ၎င်းတို့၏အစိုးရအား ဒီမိုကရေစီ နည်းလမ်း ကျစွာ ရွေးချယ်ပိုင်ခွင့်ကိုပိတ်ပင်စေခဲ့သော ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှု အပေါ် တုန့်ပြန်သောအားဖြင့် မြန်မာနိုင်ငံအပေါ် ကမ္ဘာလုံးဆိုင်ရာလက်နက်ပိတ်ပင်ခြင်းတစ်ခုအား အလျင်အမြန် ချမှတ်ရန်တောင်းဆိုလိုက်သည်။ လက်ရှိဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ရိုဟင်ဂျာများ နှင့် အခြားတိုင်းရင်းသား လူနည်းစုအုပ်စုများအပါအဝင်၊ စစ်အုပ်ချုပ်ရေးအား ငြိမ်းချမ်းစွာ ဝေဖန်သူများအပေါ် လုံခြုံရေးတပ်ဖွဲ့များ၏ စိုးရိမ်ဖွယ်မတရားဖိနှိပ်ခြင်းများကြောင့် ကျွန်ုပ်တို့၏ စိုးရိမ်မှုကို ပိုမိုမြင့်တက်စေပါသည်။

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏အောက်တွင် မြန်မာစစ်တပ်သည် နိုင်ငံ၏ ရွေးကောက်တင်မြှောက်ထားသော အရပ်သားခေါင်းဆောင်များအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး၊ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲများ၏ ရလာဒ်ကိုပယ်ဖျက်ခဲ့ပြီး၊ အရေးပေါ်အခြေအနေအကြေငြာကာ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းခဲ့သည်။ ဖေဖော်ဝါရီ ၁ရက်နေ့မှစတင်ပြီး စစ်အစိုးရသည် ဆန္ဒပြပွဲများတွင် အလွန်အကျွံနှင့် တခါတရံတွင် လူကိုသေစေနိုင်သော အင်အားအသုံးပြုမှုများကို တိုးမြင့်သုံးစွဲခဲ့ပြီး တက်ကြွလှုပ်ရှားသူများ၊ သတင်းထောက်များ၊ ကျောင်းသားများနှင့် အရပ်ဖက် ဝန်ထမ်းများအား ခြိမ်းခြောက်ခဲ့ပြီး၊ ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းခဲ့ကာ၊ အလှည့်ကျ အင်တာနက် ပိတ်ပင် ခြင်း တို့ကို ချမှတ်ခဲ့သည်။

အာဏာသိမ်းပြီးရက်များအကြာတွင်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres မှ “ဒီအာဏာသိမ်းမှု အရေးနိမ့်စေဖို့အတွက် မြန်မာနိုင်ငံအပေါ် လုံလောက်တဲ့ဖိအားပေးမှုတွေ ဆောင်ရွက် နိုင်ရန်အတွက် အဓိကနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝန်းတို့ကို ဆော်ဩစည်းရုံးဖို့အတွက် ကျွန်ုပ်တို့ လုပ်နိုင်သမျှ အားလုံးလုပ်ရမယ်”ဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုသမဂ္ဂအထူးသံတမန်မှ စစ်တပ်အပေါ် ပစ်မှတ်ထားဆောင်ရွက်သော ကုလသမဂ္ဂအရေးယူမှုနှင့် လက်နက်ပိတ်ပင်ခြင်းအတွက် တောင်းဆိုခဲ့ပြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဒုတိယမဟာမင်းကြီးမှလည်း

အာဏာသိမ်းခေါင်းဆောင်များ အပေါ် ပစ်မှတ်ထားသော ကုလသမဂ္ဂအရေးယူမှုများ ချမှတ်ခြင်းအတွက် ထောက်ခံခဲ့သည်။

ထိုသဘောထားနှင့် အလားတူပင်၊ ကျွန်ုပ်တို့မှ လုံခြုံရေးကောင်စီအား မြန်မာနိုင်ငံအပေါ် ပြီးပြည့်စုံသော လက်နက်ဆိုင်ရာပိတ်ပင်မှုတခုကို အလျှင်အမြန်ချမှတ်ရန်အတွက် တိုက်တွန်းပါသည်။ ထိုကဲ့သို့သော ဆုံးဖြတ်ချက်သည် သင်တန်းပေးခြင်း၊ ထောက်လှမ်းရေးသတင်းနှင့် အခြားစစ်ဖက်ဆိုင်ရာအကူအညီတို့ အပါအဝင် လက်နက်များ၊ ခဲယမ်းများနှင့် ယာဉ်များ၊ ဆက်သွယ်ရေးနှင့် ထောက်လှမ်းရေးကိရိယာများ ကဲ့သို့သော အရပ်ဖက်-စစ်ဖက် နှစ်မျိုးသုံးကုန်ပစ္စည်းများအပါဝင် အခြားစစ်ဖက်နှင့် ဆက်စပ်သော ကိရိယာ များတို့အား တိုက်ရိုက်နှင့် သွယ်ဝိုက်ပံ့ပိုးခြင်း၊ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့အား ပိတ်ပင်သင့်သည်။ ထိုပိတ်ပင်မှုအား ခိုင်မာသောစောင့်ကြည့်မှုနှင့် ကြပ်မတ်မှုဆိုင်ရာ နည်းလမ်း ယန္တယားများဖြင့် ပံ့ပိုးသင့်သည်။

မြန်မာနိုင်ငံသို့ စစ်ဖက်နှင့် ဆက်စပ်သော ကိရိယာများ၊ ရောင်းဝယ်မှု သို့မဟုတ် လွှဲပြောင်းမှုတခုခုသည် နိုင်ငံတကာ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဥပဒေများကို ချိုးဖောက်ခြင်း ဖြစ်သော မြန်မာပြည်သူများအပေါ် ပိုမိုဖိနှိပ်ရန်အတွက် နည်းလမ်းများကို ပံ့ပိုးစေသည်။

လုံခြုံရေးကောင်စီမှ အရေးယူသည့် အချိန်အထိ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်နက် ဆိုင်ရာပိတ်ပင်မှုအား တကမ္ဘာလုံးအတိုင်းအတာနီးနီးအထိ ကျယ်ပြန့်စေရန်ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံသို့ လက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား ရောင်းဝယ်ခြင်းနှင့် အခြားလွှဲပြောင်း ခြင်းများအား နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာအဆင့်များတွင် ပိတ်ပင်ရန် အစီအမံများကို ချမှတ် သင့်သည်။

ဆယ်စုနှစ်များစွာ၊ မြန်မာလုံခြုံရေးတပ်ဖွဲ့များ မှ ကျူးလွန်သောရာဇဝတ်မှုများအပေါ် လုံခြုံရေးကောင်စီ ၏ တုံ့ပြန်မှုသည် လုံလောက်ခြင်းမရှိခဲ့ပဲ၊ စစ်တပ်မှ ပြင်းထန်သော နောက်ဆက်တွဲအကျိုးဆက်များကို အကြောက်အလန့်မရှိပဲ မတရားပြုကျင့်မှုများကို ဆက်လက်ကျူးလွန်ရန်အတွက် ရဲဆေးတင်ပေး သကဲ့သို့ဖြစ်စေသည်။ လက်ရှိအရေးအခင်းသည် ထိုအနေအထားအားပြောင်းလဲရန်အတွက် တောင်းဆို နေသည်။

ဖေဖော်ဝါရီလ ၄ရက်နေ့တွင်၊ လုံခြုံရေးကောင်စီမှ ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းထားသူများ အားလုံးအား လွှတ်ပေးရန်နှင့် နိုင်ငံ၏ ဒီမိုကရေစီအဆောက်အအုံများအား အကာအကွယ်ပေးရန်အတွက် တညီတညွတ်တည်းတောင်းဆိုခဲ့သည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မြန်ဆန်ပြီး ထိရောက်သော အရေးယူမှုတခုကို ချမှတ်နိုင်ရန်အတွက် ယခုရရှိထားသော အများဆန္ဒအား အသုံးပြုသင့်သည်။ လက်နက်ဆိုင်ရာပိတ်ပင်မှုတခုသည် မြန်မာပြည်သူများအား ရက်စက်ပြီး အာဏာရှင်ဆန်သော အုပ်ချုပ်မှုတခုသို့ ပြန်လည်ကျရောက်ခြင်းမှ အကာအကွယ်ပေးရန်အတွက် ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုတခု၏ အဓိကသော့ချက်တခု ဖြစ်လာမည်ဖြစ်သည်။

အရေးယူရန်အချိန်သည် ယခုပင်ကျရောက်နေပြီဖြစ်သည်။

**လက်မှတ်ထိုးတောင်းဆိုသောအဖွဲ့အစည်းများ။**

1. Access Now
2. Advocacy Forum-Nepal
3. AFL-CIO
4. All Arakan Students’ and Youths’ Congress
5. Arakan Information Center
6. Arakan Rivers Network
7. Arakan Rohingya Society for Peace and Human Rights
8. ARTICLE 19
9. ASEAN Parliamentarians for Human Rights
10. Asia and Pacific Alliance of YMCAs
11. Asia Democracy Network
12. Asia Justice and Rights (AJAR)
13. Asian Forum for Human Rights and Development (FORUM-ASIA)
14. Asian Human Rights Commission
15. Asian Migrant Centre
16. Asian Network for Free Elections (ANFREL)
17. Asian Resource Foundation
18. Association of Human Rights Defenders and Promoters
19. Association of Women for Awareness and Motivation (AWAM)
20. Australian Centre for International Justice
21. Australian Lawyers for Human Rights
22. BALAOD Mindanaw
23. Bir Duino Kyrgyzstan
24. Brotherhood For Democracy (BFD)
25. Burma Campaign UK
26. Burma Human Rights Network (BHRN)

27. Burmese Rohingya Association in Japan
28. Burmese Rohingya Community in Australia
29. Bytes For All
30. Cambodian Center for Human Rights (CCHR)
31. Cambodian Food And Service Workers Federation (CFSWF)
32. Cambodian Human Rights and Development Association (ADHOC)
33. Cambodian League for the Promotion and Defense of Human Rights (LICADHO)
34. Canadian Rohingya Development Initiative
35. Center for Alliance of Labor and Human Rights (CENTRAL)
36. Center for Peace Education, Miriam College
37. Center for Social Integrity
38. Centre for Human Rights and Development
39. Centre for Peace and Justice, Brac University
40. CIVICUS: World Alliance for Citizen Participation
41. Climate Change Working Group-Myanmar
42. Colorful Girls
43. Community Resource Centre Foundation (CRC)
44. Cross Cultural Foundation
45. CSW
46. Dawei Pro Bono Lawyer Network
47. Democracy, Peace and Women Organization
48. DHEWA (Development for Health, Education, Work, and Awareness) Welfare Society
49. Equality Myanmar
50. Equitable Cambodia
51. European Rohingya Council
52. Federal Association of Vietnamese Refugees in the Federal Republic of Germany
53. Fortify Rights
54. Free Rohingya Coalition
55. Global Centre for the Responsibility to Protect
56. Global Justice Center
57. Global Witness
58. Htoi Gender and Development Foundation
59. Human Rights First
60. Human Rights Foundation of Monland
61. Human Rights Law Centre
62. Human Rights Office-Sri Lanka
63. Human Rights Watch
64. Human Rights Without Frontiers
65. Info Birmanie
66. Innovation for Change Network
67. Institute for Asian Democracy
68. Institute on Statelessness and Inclusion
69. International Campaign for the Rohingya
70. International Movement of Catholic Students (IMCS), Asia Pacific
71. International NGO Forum on Indonesian Development (INFID)
72. International Rehabilitation Council for Torture Victims (IRCT)

73. Jewish Alliance of Concern Over Burma
74. Jubilee Australia
75. Justice for All/Burma Task Force
76. Justice for Myanmar
77. Kachin State Women's Network
78. Karapatan Alliance Philippines
79. Karen Human Rights Group
80. KontraS Aceh
81. Loka Ahlinn Social Development Organization
82. Maldivian Democracy Network (MDN)
83. MAP Foundation
84. Medical Association for Prevention of War (Australia)
85. Mekong Migration Network
86. Mennonite Central Committee
87. MeSheWe
88. Mother Nature Cambodia
89. Myanmar Human Rights Alliances Network (MHRAN)
90. National Campaign for Sustainable Development Nepal
91. Never Again Coalition
92. New School for Democracy
93. No Business With Genocide
94. Nonviolence International
95. Odhikar
96. Olof Palme International Center
97. OutRight Action International
98. PAX
99. Pax Christi Aotearoa New Zealand
100. Pax Christi Australia
101. Pax Christi International
102. Pax Christi Korea
103. Pax Christi Philippines
104. People's Empowerment Foundation
105. People's Watch
106. Philippine Alliance of Human Rights Advocates (PAHRA)
107. Progressive Voice
108. Prosecute; don't perpetrate
109. Public Association "Dignity"
110. Pusat KOMAS
111. Refugees International
112. Restless Beings
113. Robert F. Kennedy Human Rights
114. Rohingya Association of Canada
115. Rohingya Human Rights Initiative
116. Rohingya Today
117. Rohingya Women Education Initiative
118. Rohingya Youth for Legal Action

119. Smile Foundation
120. Swedish Burma Committee
121. Taiwan Association for Human Rights
122. Taiwan Forever Association (台灣永社)
123. Tampadipa Institute
124. The Arakan Project
125. The May 18 Memorial Foundation
126. The PLAN: Public Legal Aid Network
127. The Swedish Rohingya Association
128. Uniting Church in Australia, Synod of Victoria and Tasmania
129. US Campaign for Burma
130. Viet Tan
131. Vietnamese Women for Human Rights
132. Voice of Rohingya
133. Win Without War
134. World Federalist Movement/Institute for Global Policy
135. World Organisation Against Torture (OMCT)
136. YMCA Mandalay
137. Youth Resource Development Program (YRDP)